**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ မူဝါဒများ**

မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် အောက်ပါအတိုင်း မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) ဌာနပိုင်ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်းများအနေဖြင့်ပုလဲအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့် သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ) ပုလဲထုတ်လုပ်ရာတွင်အဓိကကုန်ကြမ်းဖြစ်သောသားဖောက်မုတ်ကောင်များကို ရှင်ကျန်နှုန်းမြင့်မားအောင်ဆောင်ရွက်ပြီး ပုလဲပိုက် မုတ်ကောင်များအား ရေသေနှုန်း နည်းပါးအောင်ဆောင်ရွက်ခြင်း၊

(ဂ) ဌာနအနေဖြင့်ကုမ္ပဏီများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေး၍နိုင်ငံတကာ နည်းပညာနှင့်လုပ်နည်းစနစ်များကို ဖြန့်ဝေပေးခြင်း၊

(ဃ) ပုလဲထုတ်လုပ်မှုသည် သက်ရှိမုတ်ကောင်များနှင့် လုပ်ကိုင်ဆောင်ရွက်ရသဖြင့် ပြောင်းလဲလာသောရာသီဥတုအခြေအနေများနှင့်လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမွေးမြူနိုင်ရေးစီမံ ဆောင်ရွက်ခြင်း၊

(င) မြန်မာကျပ်ငွေဖြင့် ပြည်တွင်း ပုလဲရောင်းချပွဲများ ၊ နိုင်ငံခြားငွေ (ယူရို) ဖြင့် ကျောက်မျက်ရတနာရောင်းပွဲများတွင် အရည်အသွေးပြည့်မီသည့် ပုလဲများတိုးမြှင့်ရောင်းချနိုင်ရေးဆောင်ရွက်ခြင်း။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ဦးတည်ချက်**

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည်နှစ်စဉ်စီမံကိန်းများအကောင်အထည်ဖော်နိုင်ရန်အောက်ပါအတိုင်း ဦးတည်ချက်များ ချမှတ်ထားရှိပါသည်-

(က) ပုလဲထုတ်လုပ်မှုကဏ္ဍအနေဖြင့်အရည်အသွေးများတိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသနလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ခြင်း၊ အရေအတွက်ထက် အရည်အချင်းကို အလေးထားဆောင်ရွက်ခြင်း၊

(ခ) သုတေသနပြုလုပ်ခြင်းမှရရှိလာသော ရလဒ်ကောင်းများကို ကုမ္ပဏီများသို့ ဖြန့်ဝေပေးခြင်းဖြင့်ကုမ္ပဏီများ၏ထုတ်လုပ်မှုကဏ္ဍကိုတိုးတက်စေပြီး ပုလဲကောင်းများထွက်ရှိလာစေရန် ဦးတည် ဆောင်ရွက်ခြင်း။